အိန္ဒိယနိုင်ငံသားတို့သည် မိမိတို့ ကြည်ညို ကိုးကွယ်ကြသောပုဂ္ဂိုလ်များတို့အား ဂီတဖြင့် ပူဇော်လေ့ ရှိကြပါသည်။ ထိုဂီတသီချင်းများကို **“ဘဇဝမ်ဂီတ”** ဟု သတ်မှတ်ခေါ် ဆိုကြပါသည်။

ထို့အတူ အိန္ဒိယနိုင်ငံတွင် စကားမတူ၊ အယူကွဲပြားသောဘာသာခြားတို့အလယ်၌ သူတို့နိုင်ငံ စကားနှင့်စာပေတို့ကို လေ့လာလိုက်စားခဲ့သဖြင့် ဂုဏ်ထူးဘွဲ့ထူးများ ရရှိတော်မူခဲ့သော အိန္ဒိယနိုင်ငံကုသိနာရုံ မြန်မာကျောင်းဆရာတော် **ဒေါက်တာဘဒ္ဒန္တဉာဏိဿရ-၏** သာသနာပြုပုံရိပ်လွှာတို့ကို ဂီတဖြင့် ဖော်ကျူး၍ ကျေးဇူးဆပ်ခြင်းဖြစ်ပါသည်။



လုမ္ဗိနီ အင်ဂျင်နီယာ ဦးမောင်မောင်လေး

အိန္ဒိယနိုင်ငံ၊

ကုသိနာရုံမြန်မာကျောင်းဆရာတော်

## ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ - ၏

# ဝန္ဒနာဖော်ညွှန်း မြတ်မော်ကွန်း

### သာသနာပြုခရီးပုံရိပ် အလင်္ကာတေးစု သီချင်းများ



မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်များ က ရေးသား သီဆိုပူဇော်ပါသည်။

သာသနာ-၂၅၅၇ ကောဇာ-၁၃၇၅ ခရစ်-၂၀၁၄

Generated by CamScanner from intsig.com

အိန္ဒိယနိုင်ငံ၊ ကုသိနာရုံမြန်မာကျောင်းဆရာတော်

**ဒေါက်တာဘဒ္ဒန္တဉာဏိဿရ-၏**

**ဝန္ဒနာဖော်ညွှန်းမြတ်မော်ကွန်း**

သာသနာပြုခရီးပုံရိပ် အလင်္ကာတေးစု သီချင်းများ

**မာတိကာ**


| စဉ်။ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | **"နှလုံးသားထဲက သာသနာ"**<br>တေးရေး - ရေနံ့သာ စိုးလှိုင်<br>တေးဆို - ခိုင်ဝါ | ၁ |
| ၂။ | **"ဇာနည်သူမြတ် မဟာထေရ်မော်"**<br>တေးရေး - ဂီတစာဆို သောင်းတင်ဌေး<br>တေးဆို - အိဖြူ | ၃ |
| ၃။ | **"ဗုဒ္ဓသားတော် ဇာနည်မော်"**<br>တေးရေး - ပျဉ်းမနားမြင့်လှိုင်<br>တေးဆို - မောင်မောင်အေး (အလင်္ကာဝတ်ရည်)<br>ရဲရင့်ဝေလွင် | ၇ |
| ၄။ | **"မဇ္ဈိမ ရဲ့ ကုသိနာ"**<br>တေးရေး - စန္ဒရား တင်ဝင်းလှိုင်<br>တေးဆို - ရွှန်းလဲ့အောင် | ၉ |


Generated by CamScanner from intsig.com

| စဉ်၊ | ခေါင်းစဉ် | တမျက်နှာ |
|---|---|---|
| ၅။ | **"အေးရိပ်ဆာယာ"** | ၁၁ |
| | တေးရေး - ကေတုဝင်းထွဋ် | |
| | တေးဆို - စိမ်းလဲ့လဲ့နှင့်အဖွဲ့ | |
| ၆။ | **ဒေါက်တာ"ဘဒ္ဒန္တရှင်ဉာဏိဿရ"ဟု ခေါ်ပါသည်** | ၁၃ |
| | တေးရေး - ဒီနေ့ပုဏ္ဏက | |
| | တေးဆို - လီယိုနာဒ် မောင်မောင်လွင် ထပ်ဆင့်အကယ်ဒမီချိုပြုံး | |
| ၇။ | **"ဂုဏ်ပြုဝန္ဒနာလင်္ကာတေး"** | ၁၇ |
| | တေးရေး/တေးဆို - ညွန့်လှိုင်လှိုင် | |
| ၈။ | **မြန်မာ့သာသနာ့ အာဇာနည်** | ၁၉ |
| | တေးရေး - စိုးထွဋ်နိုင် | |
| | တေးဆို - ဆွေဆွေမြင့် | |
| ၉။ | **သာသနာခရီးသည်** | ၂၁ |
| | တေးရေး - မင်းဇော် | |
| | တေးဆို - ပွင့်စံပယ် | |
| ၁၀။ | **ထုတိပသန္နဝန္ဒနာ** | ၂၄ |
| | တေးရေး - တေးကဗျာမင်းယု | |
| | တေးဆို - ဝိုင်းလမင်းအောင် အိအိချွန် | |




## ""နှလုံးသားထဲက သာသနာ""

**တေးရေး - ရေနံ့သာ စိုးလှိုင်**
**တေးဆို - ခိုင်ဝါ**


A ရွှေမြန်မာ နိုင်ငံတော်မှ ထေရ်ရှင်တပါး ×××
ရေခြားမြေခြား အိန္ဒိယနိုင်ငံမှာ ယူပီပြည်နယ်
ကုသိနာရုံ မြန်မာကျောင်းဆရာတော်၊
ဗုဒ္ဓအမွေအနှစ် သာသနာသန္တေအစ နေလပမာ
ထွန်းထွန်းလင်းဖြာ

B မြန်မာ့သွေးစစ်တဲ့ ဆရာတော်ထေရ်ရှင်တပါး
ဒေါက်တာဘဒ္ဒန္တဉာဏိဿရ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
ဆရာတော်
(သဒ္ဓါဟုန် မရပ်မနား သရဏဂုံထပ်ပွား)၂သာသနာ
ရောင်ခြည်ဖြာ
သာသနာပြု သူရဲကောင်း အာဇာနည်ထေရ်ရှင်တပါး

Generated by CamScanner from intsig.com

မန္တမ်းဒါန
သီလမခမ်းပါ နှလုံးသားထဲက သာသနာ
ကုသိုလ်ပန်းဆင်မြန်းပေးနေတာ
ရှင်လူနတ်ဗြဟ္မာ အနုမောဒနာ သာဓုခေါ်လေတာ

C အိုဘယ့်ထေရ်ရှင် ကျေးဇူးရှင်ဖြစ်သည်
သာသနာ့အောင်မြေ
ရောက်ရာဌာနေ နှောင်းလူများ ကုသိုလ်ပွားဖို့ရာ
စေတီကန်ကျောင်း တန်ဆောင်းနဲ့ လှိုင်ဂူ
ကြည်ဖြူသဒ္ဓါ စွမ်းအား ရှင်လူများစွာ
ကမ္ဘာရှည်သရွေ့ ဖူးရစ်စေနောင်ခါ ကုသိနာရုံ
မြန်မာကျောင်းဆရာတော် နှလုံးသားထဲက
သာသနာကုသိုလ်ပန်းဆင်မြန်းပေးနေတာ
ရှင်လူနတ်ဗြဟ္မာ အနုမောဒနာသာဓုခေါ်လေတာ





## "ဆနည်းသူမြတ် မဟာထေရ်မော်"

**တေးရေး - *ဂီတစာဆို သောင်းတင်ဌေး***
**တေးဆို - *အိဖြူ***

ဓမ္မစည်တော် စည်တော်ကြီး - ကုသိနာရုံ မြန်မာကျောင်းမှာ ဘဝဂ်ထိညံလို့ - တရားသံတွေ လွှမ်းလာ. . . ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရသည် (တရားအလှူပေးလှူသူ - ပုဂ္ဂိုလ်မြတ်ကြီးပါ)၂

နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အညွှန့် အဖူးတွေ - ဆွတ်ခူးဟောကြားပြတဲ့ မဟာဓမ္မကထိက ထေရ်မော်ပါ ×××× တရားအလှူသာအမြတ်ဆုံးမို့ သင်္ဂဟ ရစနာ ဂါထာမို့ ရာ ဖြစ်တဲ့ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိတဲ့ ဓမ္မပဒပါဠိစာရှိလာ ××××

(ပစ္စည်းအလှူကြတော့ လွယ်လွယ်ကူကူပေးနိုင် ကြတာ တရားအလှူကိုတော့ လွယ်ကူစွာ မပေးနိုင်ကြ ပါ)၂ ပိဋကတ်ဉာဏ်စုံ ပါရမီအဟုန်ကြီးတဲ့ ပုဂ္ဂိုလ်မျိုးသာ (ဓမ္မဒါန အလှူ)၂ တခမ်းတနားနဲ့ လှူဒါန်းနိုင်သည်သာ . . .

Generated by CamScanner from intsig.com

ကဗျာ့ကာရံ ငြိလာသည့်အခါ
အလှုရှာရန် ကြည့်လာမိတာ
"ဓမ္မဒါနံ ဇိနာတိပါ" ××

စေတနာတင်ကာပြ - အလှုမာန် ဝင်မသွားမှသာ
အဖြေရှာ မြင်လာရ - ဓမ္မညာဏ်စဉ်ပွားကြပါ
ဝေဒနာလက်ခံရ - ဘဝသံစဉ်များအရသာ. . .

<u>သံဖြိုင်</u>

(ကမ္ဘာသိဆရာတော် စာအသိမှာကျော် မြင့်မြတ်ထေရ်မော်ပါ၊ အာရှတိုက်နိုင်ငံအနှံ့မှာ - သာသနာပြုတဲ့သူရဲကောင်းပါ ×××အကြောင်းပြုကောင်းမှုရည်မျှော်ခါ-အားထုတ်လုပ်ဆောင် ဂုဏ်ယူစရာ ဒေါက်တာဦးညာဏိဿရ ဇာနည်သူမြတ် သာကီပါ ×× )

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဇင်ရိုင်းချောင်းကျွန်း ဇီးပင်ကြီးကျေးရွာ၊ ခမည်းတော် ဦးမောင်ကျော်သူ + မယ်တော်ဒေါ်ဝင်းမြဦးတို့မှ၊ ၁၂၉၈-ခု၊ တန်ဆောင်မုန်းလဆုတ် (၁၃)ရက်၊ အင်္ဂါနေ့မှာ ဖွားမြင်ကာ လာ၊ မောင်အောင်ဇံဝေဟု အမည်တွင်လာ ×××



ဆယ့်လေးနှစ်သားအရွယ်၊ ရွာကျောင်းဆရာတော် ဦးစန္ဒောဘာသကို ဥပဇ္ဈာယ်ပြုခါ၊ ခမည်းတော် မယ်တော်တို့ရဲ့ပစ္စယနုဂ္ဂဟာ အာမိသအမွေ ခံယူစေခဲ့တာ၊ ရှင်ညာဏိဿရ ဟူသောဘွဲ့နှင့် သာသနာ့အမွေ သာမဏေဘဝမှာ ရလာခဲ့ပြန်တာ ×××

စာပေပရိယတ္တိ - သင်ကြားဖို့ရာ မင်္ဂလာရာမပါဠိတက္ကသိုလ် ကျောင်းတိုက်ကို ရောက်လာ၊ သာမဏေဘဝဖြင့် - ငယ်,လတ်,အကြီးတန်းအောင်မြင်လာ၊ ၁၃၁၈ခုမှာ သာမဏေရအဆင့်မှ သမဏရဟန်းဖြစ်လာ၊ ရဟန်းဘဝဖြင့် ဓမ္မာစရိယစာချတန်းကို အောင်တော်မူခဲ့တာ ×××

အခြေခံကျမ်းစာများနှင့် ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာ ဋီကာကျော်မကျန်ပါကျမ်းစာများ သင်ယူခဲ့တာ ဆရာတော်ဦးညာဏိဿရ သာသနာ့ သဘင့်အလယ် ဝင့်ထယ်ခဲ့ပြန်တာ ××

ယူပီပြည်နယ်သို့ ၁၉၆၃-ခု သာသနာပြုရန် ပြည်ပခရီးထွက် ဆောင်ရွက်ပေါ့တစ်ခါ-ကုသိနာရုံ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်းမှာ ဦးညာဏိဿရ သီတင်းသုံးမည့် ဤနေရာ နိဗ္ဗိန္ဒကူးဖို့ရာ မှူးကူးတို့အသွင်ပါ-အထူးပို့ဆောင်လျက်တင် (ဖောင်မဂ္ဂင်ဆိပ်ကမ်းပမာ)[၂] လယ်ယာမြေကောင်းကို ရတဲ့အခါမှာ



Generated by CamScanner from intsig.com

ပါရမီမျိုး ကုသိုလ်မျိုး တို့ကို အရှင်ဉာဏိဿရ စိုက်ပျိုးလာ ×××

မြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်သော "အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်တွေ ရတော်မူလာ၊ ဘီဟာပြည်နယ် အစိုးရမှ ဆက်ကပ်ပူဇော်ချီးမြှင့်လာ၊ ဗုဒ္ဓသားကောင်းရတနာ၊ ဗုဒ္ဓဝိသာရဒနှင့် ဒေါက်တာဘွဲ့လည်း ရရှိလာ ×××

ဆရာတော်သီတင်းသုံးရာ ကုသိနာရုံကျောင်းဝင်း အတွင်းမှာ မဟာသုခံဒဒ ချမ်းသာကြီးစေတီတော်၊ တည်ထားနိုင်ခဲ့သည်မှာ၊ ထူးခြားသည့် သာသနာ့မှတ်တိုင်ပါ။

ထေရ်မဟာ ဂုဏ်သတင်း ထုံသင်း ရနံ့ကြိုင်လှိုင်နေတာ ထက်နဘံဘဝဂ် ညံအောင်သာ လူနတ်ဖြဟ္မာကောင်းချီးကြွေးကြော်ငြာ ×××



## "ဗုဒ္ဓသားတော် ဇာနည်မော်"

တေးရေး - ပျဉ်းမနားမြင့်လှိုင်
တေးဆို - မောင်မောင်အေး(အလက်ာဝတ်ရည်)
ရဲရင့်ဝေလွင်

ရခိုင်ရင့်သွေး ကျေးလက်မြေမှ သန္ဓေစလို့
နေလပမာပ ထုတ်ပြသာသနာ
ထေရဝါဒ ဗုဒ္ဓဘာသာ
အာရှတဝှမ်းမှာစ. . . မြန်မာ့စခန်းသာစွ
ဓမ္မလမ်းရှာပြလို့ လှမ်းကာကြွပေ
ဗုဒ္ဓအမွေ လှည့်လည်ဝေငှရာ
တစ်ခေတ်မှာ တစ်ပါးသာသနာ့ဇာနည်ပေါ်လာ
ချစ်သဒ္ဓါပွား မြန်မာ့သာကီမော်မှာ
အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးပါ
မဇ္ဈိမဒေသ အိန္ဒိယပြည်မှာ ထေရဝါဒ ဗုဒ္ဓသာသနာ
ဖူးမြော်ပီတိ ရှုကြည့်စရာစုံစွာ. . . မုဒိတာခြုံလွှာ
ကုသိနာရုံ စံကျောင်းတော်ကြီးမဟာ

Generated by CamScanner from intsig.com

သာသနာပြုသူရဲကောင်း. . . ဖွဲ့ကောင်းလုံ့လသန်စွာ
ဗုဒ္ဓရောင်ခြည်တော် အနှံ့အပြားမှာ
ဒုက္ခမှောင်ရီကျော်ပြန့်ပွား ထွန်းကားလို့လာ. . .
ဗုဒ္ဓအမွေဖြန့်ဝေသည့် ခရီးနေရာတိုင်းမှာ
ဘာသာမဲ့ ဘာသာခြားများ တရားဟော တရားပြ
ဗုဒ္ဓဘာသာ ဖြစ်စေခဲ့တာ
ဘုရားတန်ဆောင်း ကျောင်းဇရပ် စာသင်ကျောင်းအရပ်
ရပ်မှာ ဆောက်လုပ်လှူဒါန်း ဒါနပန်းတွေ ပွင့်ဝေဆာ
ရဟန်းခံရှင်ပြု အစုအဝေးနဲ့ ဆောင်ရွက်ပေးခဲ့တာ
ကုသိနာရုံ မြို့ပရဝုဏ်မှာ ချမ်းသာကြီးဘုရား
တည်ထား ကြည်ညိုဖွယ်ရာ
ဘွဲ့ထူး ဂုဏ်ထူး မကြုံဘူးအောင် ဆွတ်ခူးများစွာ
ဗုဒ္ဓသားတော် ဇာနည်မော် ကမ္ဘာကျော် ဟိုးရှစ်ခိုးပူဇော်မှာ





## "မဈှိမ ရဲ့ ကုသိနာ"

*တေးရေး - စန္ဒရား တင်ဝင်းလှိုင်*
*တေးဆို - ရွှန်းလဲ့အောင်*

ကုသိနာရုံ ဘုံဌာနကား ဖွားပွင့်ဟောစံ လေးတန် နဂရပါ၊ ညေယျမံ စဉ်းငယ်လှူပ်မခါ ဇဝကန် ယွင်းပြယ်ချုပ်ရာ၊ သမ္မော အဌကထာ ဉာဏဝိဘင်း ပါဠိအလာ သုံးမျိုး သော ပရိနိဗ္ဗာန်မှာ၊ ပထမနဲ့ နောက်တခါ ဒုတိယာ စခန်း သိမ်း စုတိခန္ဓာ၊ နောက်ဆုံးဘဝတွဲ ရပ်စဲရာ ပူဇော်ကြသူတို့ ယူလိမ့်သံဝေ၊ လွဲမသွေပိမ့် သည်းခြေစိမ့်မျှ အေးငြိမ်းကြူ မွေး တေးနရီ၊ ကြွေးသီ (ဇမ္ဗူကျော် ပူဇော်မည့် ထံတျာ)၂ မဈှိမရဲ့ ကုသိနာ၊

ထုပိကာ ဂုဏ်သမ္ဘာတော် ကုသိနာရုံဆရာတော်၊ အဟောသာစု ဩဘာအမှူ ထောမနာ ပြုလောက်ပါရဲ့ (ကျန်းခန့်လို့ 'သာ' ချမ်းမြစွာ မာမာချာ)၂ ဘုရားလည်းဖူး တရားလည်းဦး မေတ္တာကူးရိပ် ချွေးသိပ်ခိုဝင်ကြည့်ပါ၊ ဇနိန္ဒြေတို့ မနိန္ဒြေနူးအိကျ ရှိခိုးဦးခိုက်ကြဘုန်းဘုရား

Generated by CamScanner from intsig.com

တေဇာ၊ ဝေဖြာမိုမောက် ပိုတောက်မည်သာ သဗ္ဗာ ဂုဏ်တိ
တေ ကုဏ္ဍမှုတ္တ အစချီ ထုတိ မင်္ဂလာစကား ပြောဖို့ခွင့်ပြုပါ
ခွင့်ပြုလှည့်ပါ ထေရ်ဆရာ ×××

စစ်တွေခရိုင် မင်းပြားအပိုင် ဇီးပင်ကြီးရွာမှာ မောင်အောင်ဇံဝေ ဆယ့်လေးနှစ်မှာ ရှင်သာမဏေ သိမ်ဖြူ မင်္ဂလာရာမ ပါဠိတက္ကသိုလ် ရန်ကုန်မှာ၊ စာချတန်း မွှာစရိယ ပြီးစီးအောင်မြင်ကာ ထီးတည်းရှောင်တခင်မကြာ ထောင့်ကိုးရာ ခြောက်ဆယ့်သုံးမှာ လုံးလုံးကြီး ကုသိနာရုံကို ရောက်လာ၊ ဘုန်းဘုန်းကြီးဖြစ်မယ့်ဇာတာ ဘယ်မှာရှောင်မလွတ်ပါ လူသိန်းပေါင်းရာချီ ဗုဒ္ဓဘာသာဆီ အမြစ်တည်သက်ဝင် ဘုန်းဘုရားရဲ့စွမ်းအင်ပါ။

(ပြုသမျှ ဂုဏပူဇာ ယခုဘဝ ကုသလ အတူ 'ပါ')၂





## ''အေးရိပ်ဆာယာ''

**တေးရေး - ကေတုဝင်းထွန်း**
**တေးဆို - စိမ်းလဲ့လဲ့နှင့်အဖွဲ့**

အိန္ဒိယနိုင်ငံ ပြည်နယ်ယူပီ
ကုသိနာရုံ မြန်မာကျောင်းကြီးသည်
ခန့်ငြားထည်ထည်၊ ခမ်းနားပီပီ၊ထူးခြားတည်ကြည်
×××××
ဘုရားရိပ်အမှန်၊ တရားရိပ်သဏ္ဍာန်
ငြိမ်းချမ်းနေပြီ၊ စိမ်းလန်းဝေစီ

**သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ယဒိဒံ စတ္တာရိ၊ ပုရိသယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။**

အာရုံကျင်းလို့ လင်းလုရောင်နီ ×××
ခေါင်းလောင်းသံ၊ ကြေးစည်သံ၊
ကုလားတက်ခေါက်သံမည်

Generated by CamScanner from intsig.com

ရွှေစေတီချမ်းသာကြီးမှ ဆည်းလည်းသံစီ
မြကန်သာရေကန်အရှေ့နား
သပ္ပါယ်ကြည်ညိုသည်
တောင်းဆုတွေတွေရည်၊ ကောင်းမှုဝေဝေဆည်
ကျက်သရေအပေါင်းနှင့် ခဝပ်ညောင်းတဲ့
ကျောင်းကြီးမင်္ဂလာမည်
ကုသိနာရုံဆရာတော်ဘုရားကြီး
သီတင်းသုံးနေပါသည်။

**သုပ္ပဋိပန္နော. . . . . . . . လောကဿာတိ**
ကုသိနာရုံမြန်မာကျောင်းကြီးသည်
ဟိန်းဟိန်းမားမားတည်ရှိနေပါပြီ
ဆရာတော် ဘဒ္ဒန္တဉာဏိဿရဆရာတော်ဘုရားကြီး
သာသနာပြုနေသည် ×××
ဘုရားတည်ကျောင်းဆောက်၊
ရောက်သည့်အရပ်မှာ လူမှုရေးအမြဲကူညီ
ဗုဒ္ဓဂယာသို့တစ်ခေါက်တစ်ခါရောက်တဲ့အခါဆီ
ဘုရားဖူးများ အားထားရမည့်ကျောင်းကြီး
မင်္ဂလာအမည်
ကုသိနာရုံဆရာတော်ဘုရားကြီး သီတင်းသုံး
နေပါသည်။

**သုပ္ပဋိပန္နော . . . . . . . . လောကဿာတိ။**



## ဒေါက်တာ "ဘဒ္ဒန္တရှင်ဉာဏိဿရ" ဟု ခေါ်ပါသည်

*တေးရေး - ဒီနေ့ပုဏ္ဏက*
*တေးဆို - လီယိုနာဒ် မောင်မောင်လွင်*
*ထပ်ဆင့်အကယ်ဒမီချိုပြုံး*

(၁)

အုံ့ဖွယ်တည့်. . . အုံ့ရာသော်. . . ဘုန်းရှိန်ရောင်လွှင် ထင်ရှား. . . အာရှတိုက်တစ်ခွင်တွင် . . . မဇ္ဈိမ ဒေသ. . . အိန္ဒိယနိုင်ငံ တစ်ခွင်တွင်. . . ဝိသေသဘွဲ့တော်များမှာ. . . ကုသိနာရုံဆရာတော်. . . မြန်မာကျောင်း ဆရာတော်. . . ဒေါက်တာဘဒ္ဒန္တရှင်ဉာဏိဿရ ဆရာတော် အိန္ဒိယမှာ များပြားသော အယူဝါဒတွေ. . . ဇာတ်နိမ့် ဇာတ်မြင့်တွေလည်း . . . ခွဲခြားကြသေးတာ၊ ဗုဒ္ဓသာသနာ ရောင်ရှိန်သည်လည်း အခြေအနေတွေအရ . . . မှေးမှိန်နေသောအခါ ဓလေ့စရိုက်တွေလည်း မတူပါ. . . စကားအရာတွေလည်း မတူပါ. . . အစားအစာတွေလည်း မတူပါ. . . ဘာတစ်ခုမှ မတူပါ

သော အိန္ဒိယနိုင်ငံတော်မှာ. . . ဆရာ တော်. . . အနေတော်အောင် ဘယ်လိုများ နေနေပါသလဲ နော်. . . စာတွေ တော်အောင်လည်း ဘယ်လိုများ ကြိုးစား ပါသလဲ နော် (ယခုတိုင် သာသနာပြုလို့ တစ်ပြည် သားတွေရဲ့ ကိုးကွယ်ရာ ဆရာတော်. . . တစ်ပြည် သားတွေရဲ့. . . အပူ ဇော်ခံဆရာတော်)၂

(၂)

အံ့ဘွယ်တည့်. . . အံ့ရာသော်. . . ဆရာတော့် ဆရာတော်တွေမှာ. . . . ဒုတိယကုသိနာရုံ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိဆရာတော်. . . မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တ ကိတ္တိမာဆရာတော်. . . ဒေါက်တာ ဓမ္မရက္ခိတ ဆရာတော်ကတော့ အိန္ဒိယနိုင်ငံသားဆရာတော်. . . ဆရာတော့် ဆရာတော်တွေ တော်ကြသလို. . . ဆရာတော်လည်း (တော်ပါသည်)၂. . . ရရှိတော်မူပါသော . . . ဘွဲ့တံဆိပ်တော်များမှာ. . . မြန်မာပြည်မှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တော်. . . အိန္ဒိယပြည်မှ ဆက်ကပ်ပါသော. . . ဗုဒ္ဓသားကောင်း ရတနာ. . . ဗုဒ္ဓဝိသာရဒဘွဲ့တော်. . . ယူပီနယ် လက္ခနောင်းမှ. . . ဗုဒ္ဓသာသနာပြု. . . အကောင်းဆုံးဘွဲ့တော်. . . ကမ္ဘာ့



ငြိမ်းချမ်းရေး နာယကဘွဲ့တော်. . . ဘီအေ၊ အမ်အေ၊ အယ်လ်-အယ်လ်-ဘီ ဘွဲ့တွေ. . . ဒေါက်တာဘွဲ့နှင့် . . . Monk in chief ဘွဲ့တော်တွေ. . . (မဟာသုခဒ) ချမ်းသာ ကြီးစေတီတော် ဒကာတော်. . . တိဗက် ဘာသာ စီနီယာ ရွှေတံဆိပ်ရဆရာတော်. . . ဘာသာ သာသနာအရေး. . . လူမှုအရေးတွေ. . . ပညာအရေးတွေ. . . ဆောင်ရွက်နေတာကလည်း. . . များပါဘိနော်. . . ဗုဒ္ဓဂယာ သံဝေဇနိယလေးဌာနကို. . . ဖွံ့ဖြိုးတိုးတက်စေသော ဆရာတော်. . . ဘာသာမဲ့. . . ဘာသာခြား. . . သိန်းပေါင်းများစွာတို့ကို ဗုဒ္ဓဘာသာဝင်များ ဖြစ်စေခဲ့သော ဆရာတော်. . .

(၃)

အံ့ဖွယ်တည့်. . . အံ့ရာသော်. . . ပညာတန်ဆောင် ဉာဏ်တော်ရောင်အလင်း. . . ပြည်တွင်းပြည်ပ နိုင်ငံကျော် ကမ္ဘာကျော်. . . သာသနာ့ဂုဏ်ဆောင် ဆရာတော် . . . မြန်မာ့ဂုဏ်ဆောင် ဆရာတော်၊ မြန်မာပြည်မှာ မွေးဖွား. . . မင်းပြားဇာတိ. . . ရခိုင်သား . . . ဟော့ . . . ရခိုင်သား. . . သာသနာ့ အာဇာနည်. . . ဆရာတော် . . . ဘွဲ့တော် . . . **ဒေါက်တာ “ဘဒ္ဒန္တရှင်ဉာဏိဿရ”** ဟု ခေါ်ပါသည်။

## (၄)

ဆရာတော်ဘုရား . . . သားတပည့်တွေ. . . မြန်မာပြည်သား. . . တပည့်ဒကာတွေ . . . မင်္ဂလာဆင်ကာသ. . . ဂါရဝပန်ဆင်. . . ဝန္ဒနာ လင်္ကာရ. . . ဘဝသံစဉ်များ. . . (ကျူးရင့်ပူဇော် ကြပါသည် . . . အထူးသဖြင့် ပျော်ရွှင်ကြပါသည်)၂. . . ဆရာတော် သက်တော် ခုနှစ်ဆယ့်ငါးနှစ် ပြည့်စုံပြီးသော်. . . ရာပြည့်ရာ ကျော်. . . . ဝိဇာတမင်္ဂလာပွဲတွေ. . . (နွဲဆင်နိုင်ပါစေသော် . . . ပွဲဝင်နိုင်ပါစေသော်)၂ (တောင်းဆုပတ္ထနာသီ. . . ပေါင်းစုဝန္ဒနာချီ)၂ . . . ဆရာတော်. . . သက်ရှည်ကျန်းမာ ရွှင်လန်းချမ်းမြေ့ ပါစေသော်. . .





## "ဥဇ္ဇေနီမြို့ဝန္ဒနာလင်္ကာတေး"

**တေးရေး/တေးဆို - ညွှန့်လှိုင်လှိုင်**

(ထေရဝါဒ ဗုဒ္ဓသာသနာ ဘုရားရှင်အဆုံးအမလေး စားကာသာ ကျင့်ကြံလိုက်နာ ပြန့်ပွားဖို့ရာ သာသနာ ပြုတဲ့ ပုဂ္ဂိုလ်ကျော်မဟာ နိုင်ငံရပ်ခြားတိုင်းတပါးမှာ ဘာသာမတူ အယူကွဲလည်း သူ့ဇွဲမလျှော့ပြုခဲ့သာသနာ မှတ်တမ်းတင် ထိုက် ကြည်ညိုထိုက် အတုယူထိုက်သော အာဇာနည်ပါ ကမ္ဘာရှည်ကြာ သာသနာတည်ဖို့ သာသနာ့ တာဝန်ကျေပွန် စွာ သက်တော်ရှည်သရွေ့ သာသနာပြုမှာ ဘွဲ့အမည်မော် ကွန်းတင်ခဲ့တာ ကုသိနာရုံမြန်မာကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်ဟာ ဟိန္ဒီ,သက္ကတ,အင်္ဂလိပ် ဘာသာလေ့လာ ဆည်းပူးကာ ပညာပြည့်ဝ ထင်ရှားခဲ့တာ ဘွဲ့ထူးဂုဏ်အင် စုံလင်စွာသာ ဘွဲ့တံဆိပ်များစွာ ဆက်ကပ်ခံရ အဆင့်ဆင့် အောင်ပွဲရသူပါ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့ထူး ပိုင်ရှင်ပါ)

(မျိုးချစ်စိတ်နဲ့ သာသနာပြုပါ ကမ္ဘာမှာ ဗုဒ္ဓ ဘာသာ ပြန့်ပွားစေရာ ဘာသာမဲ့သူ မရှိစေရပါ။ မြတ်ဗုဒ္ဓ

အဆီအနှစ် အမွေ သူပေးဝေကာ တခြားဘာသာဝင် အပါ ဗုဒ္ဓဘာသာ ဝင်များ ဖြစ်လာ ရဟန်းခံ ရှင်ပြု ပွဲခြိမ့် ခြိမ့် သည်းသည်း ဆင်နွှဲကာ လူသိန်းပေါင်းရာကျော်အောင် ဗုဒ္ဓဘာသာခံယူပွဲ ဆင်နွှဲနိုင်ခဲ့တာ ဗုဒ္ဓရဲ့သားတော်ပါ ကမ္ဘာကျော်ကြား ဆရာ တော်ဘုရားပါ)

(ဂါရဝပြု ဦးထိပ်ထားလေးစားထိုက်သူပါ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဒမကျန် စွမ်းဆောင်ကာသာ ဗုဒ္ဓဘာသာ ကမ္ဘာမှာ ဝင့်ထည်ဂုဏ်ယူစရာ၊ ဓမ္မဗျူဟာလည်း ကျွမ်းကျင်သူပါ အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ ကျောင်းဝင်းအတွင်းမှာ ချမ်းသာကြီးစေတီ ဘုရား တည်ထားကိုးကွယ်နိုင်ခဲ့တာ သံဝေဇနိယလေးဌာနမှာ သာသနိက အဆောက်အအုံများ တိုးပွားနိုင်အောင် ဆောင်ရွက်ကာ သာသနာပြု စွမ်းဆောင်နိုင်သလို လူမှုရေး စွမ်းဆောင်သူပါ ပညာရေးအလှူပေး မနှေးပါ ဝင်ကာ ကမ္ဘာကျော်ကြား ဆရာတော်ဘုရားရဲ့ သာသနာ ပြုခရီးပုံရိပ်ပါ။ ဝန္ဒနာလင်္ကာရ ဘဝသံစဉ်များပါ သီကျူး ပူဇော်ဂုဏ်ပြုထိုက်သူပါ။)



## မြန်မာ့သာသနာ့ အာဇာနည်

**တေးရေး - စိုးထွဋ်နိုင်**
**တေးဆို - ဆွေဆွေမြင့်**

A အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံ ဆရာတော် သည်. . . ဗုဒ္ဓသားကောင်းရတနာပီပီ ကမ္ဘာမြေတလွှားဆီ မြတ်ဘုရား သာသနာတည်၊ ကမ္ဘာ့ငြိမ်းချမ်းရေး နာယက စေတနာသဒ္ဓါ ဝေဖြာကြည် ယူပီပြည်နယ် မြန်မာကျောင်း ဆရာတော် သက်တော်ရာကျော်ရှည်. . .

**(ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ. . .)**

B အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ. . . ဆရာတော်သည်. . . လူမှုစွမ်းဆောင် အောင်စေ အတည်. . . ဓမ္မအလင်းရောင် ဖြာဝေကြည်

Generated by CamScanner from intsig.com

(ရှားပါး ထူးခြားသာသနာ့အာဇာနည်)၂ မြန်မာမျိုးမို့ တန်ခိုးတောက် သည်. . . ကမ္ဘာ့မိုးသို့ တိုးဖောက်ပြီ . . . ကုသိနာရုံ ဆရာတော် မေတ္တာရည်
**(ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ. . .)**

C ဆရာတော် ဦးဉာဏိဿရသည်. . . မင်းပြား ဇာတိ သန္ဓေတည် . . . ထူးခြားမှုနဲ့ မွေးဖွားသည်. . . ရပ်ခြားနိုင်ငံဆီ သာသနာပြုလို့ အတည်. . . ကမ္ဘာမြေ အနှံ့သို့ဆီ . . . ဗုဒ္ဓသာသနာတည်. . . ကျေးဇူးရှင်. . . အိုဘယ့်ထေရ်ရှင် အခက်အခဲများစွာ ကျော်ဖြတ်သည် . . . နှလုံးသားမှာ ဘုရားတည်၊ ဗုဒ္ဓသာသနာ ကမ္ဘာကို လွှမ်းစေပြီ . . .
**(ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ. . .)**



## သာသနာခရီးသည်

တေးရေး - မင်းဇော်
တေးဆို - ပွင့်စံပယ်

**(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)၂**

သာသနာပြု - သူရဲကောင်း
သာသနာပြု - အာဇာနည်
ကမ္ဘာကျော်သည် - သာသနာ့ခရီးသည်
ကမ္ဘာကြီးအတွက် - သာသနာအလင်းရောင်
ဗုဒ္ဓသာသနာ - ခြုံလွှမ်းစေ - ထွန်းတောက်ပါစေ
ဘာသာသာသနာအတွက် - စွန့်စား. . .
တောတောင်ရေမြေဖြတ်ကျော်
မဇ္ဈိမဒေသ - အိန္ဒိယနိုင်ငံမှာ
သာသနာပြုလေပြီ - ဘဒ္ဒန္တဉာဏိဿရ
အရှင်သူမြတ်မထေရ် - သာသနာပြုသူရဲကောင်း
သာသနာပြုအာဇာနည် - သာသနာခရီးသည်
အာရှတိုက် - နိုင်ငံအနှံ့အပြားတွင်
တရားသံဝေလွှင်. . . တရားဟော တရားပြကာ

Generated by CamScanner from intsig.com

သာသနာပြုလေသော် . . . သရဏဂုံတည်ကာ
လူသိန်းပေါင်းရာကျော် . . . ဗုဒ္ဓဘာသာဝင်တွေဖြစ်စေသည်
သံဝေဇနီယ - လေးဌာနတွင် - သာသနာတော်ဆိုင်ရာ
အဆောက်အအုံများ တိုးပွားအောင်
ဆောင်ရွက်ပေးတော်မူလေသည် - ဘုရားဖူးများစွာ
စိတ်နှလုံး ချမ်းသာရွှင်ကြည် . . .
ဝမ်းမြောက်ကြသာစုခေါ်သံ - ကမ္ဘာတုန်ဟီးစေသည်
မြင့်မားသော . . . ပညာဂုဏ်ရည်
ဘွဲ့တံဆိပ်တော်များနဲ့ . . . သာသနာပြုနေသော
ဆရာတော်ဘုရားကြီးသည်-
ထက်မြက်တဲ့အမြင်၊ သွက်လက်တဲ့ ခြေလှမ်း
မမောပမ်းတဲ့ခန္ဓာကိုယ် . . . မပြိုလဲသော စိတ်ထား
ပြင်းပြတဲ့သမာဓိအားတွေ-စိုက်ထုတ်ကာပင်
အခက်အခဲပေါင်းစုံ ဖြတ်သန်းကာ
ဘာသာသာသနာခရီးသွားနေသည်
သာသနာပြု - သူရဲကောင်း . . .
. . . . . . . . . . . . . . . . . . . . ခရီးသည်
နိုင်ငံခြား - ဗုဒ္ဓသာသနာပြု ဆရာတော်ဘုရား
အဂ္ဂမဟာပဏ္ဍိတ - အဂ္ဂမဟာ - သဒ္ဓမ္မဇောတိကဓဇ-
ဒေါက်တာ - ဘဒ္ဒန္တဉာဏိဿရ
အိန္ဒိယနိုင်ငံ - ကုသိနာရုံဆရာတော်



သက်တော်ရှည်သ၍လေ - သာသနာပြုနေမည်
ကမ္ဘာကြီးကို - ဗုဒ္ဓအလင်းရောင် ကွန်ယက်ဆင်
ဗုဒ္ဓတရားအမှန်ညွှန်ပြသည် - ကမ္ဘာကြီး အေးငြိမ်းကာ
လူသားတွေကိုယ်စီကိုယ်စီ - ဘဝတွေချမ်းသာ-
အစဉ်အေးမြခြင်းကို ရည်ရွယ်သည်-
ကုသိနာရုံကျောင်းတော်ဝယ်
မြကန်သာရေကန် အရှေ့ဘက်မှာ
ချမ်းသာကြီးစေတီတော်ကို
တပည့်ဒကာအလှူ့ရှင်များနဲ့ - ပေါင်းစုကာပင်
လေးလအတွင်းတွင် - တည်ဆောက်ပြီးစီးအောင်မြင်
မဟာသုခံဒဒ - ဘွဲ့တော်မှတ် သာသနာမွေသရီ
ကုသိနာရုံတွင်-ပူဇော်ရှိခိုး ကြည်ညိုဖွယ် ဖြစ်ခါတည်
သာသနာပြုသူရဲကောင်း . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . ခရီးသည်

**[ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု]**[၃]



## ထုတိပသနူဝန္ဒနာ

တေးရေး - တေးကဗျာမင်းယု
တေးဆို - ဝိုင်းလမင်းအောင်
အိအိချွန်

အို. . . အရှင်. . . မြတ်သောအရှင်. . .
အရှင်သည်. . . သီလဂုဏ်,
သမာဓိဂုဏ်. . . ပညာဂုဏ်တို့ နှင့်
ပြည့်စုံတော်မူပါ၏. . .
အို. . . အရှင်. . . မြတ်သောအရှင်. . .
အရှင်သည်. . . ဗုဒ္ဓ၏မြေမြတ်မဟာကုသိနာရုံ၌
နှစ်ပေါင်းများစွာ. . . ခက်ခဲပင်ပန်းစွာ. . . ဘာသာသာသနာ
အကျိုး သယ်ပိုးဆောင်ရွက်တော်မူခဲ့သော. . . သာသနာ့
သူရဲကောင်း. . . မထေရ်တစ်ပါး ဖြစ်ပါ၏. . .
|ထို့ကြောင့် အရှင့်အားလေးမြတ်ရိုသေစွာ (ရှိခိုးကန်တော့ပါ၏) ၃|၂. . . ။



အို. . . အရှင်. . . မြတ်သောအရှင်. . .
အရှင်သည်. . . ဇာတိကိုမမေ့. . . မျိုးနွယ်ကို
စောင့်ရှောက်၏။
သာသနာကို ထွန်းပစေ၏. . . နိုင်ငံအသီးသီးမှ. . .
သိန်းပေါင်း ရာကျော်မျှ. . . ပုဂ္ဂိုလ်အနန္တ. . .
ဗုဒ္ဓဘာသာဝင်ဖြစ် အောင်. . . ဟောပြောစွမ်းဆောင်
နိုင်ခဲ့၏. . . ။

ဆရာတော်ဘုရား. . .
အာရှဗုဒ္ဓဘာသာ ညီလာခံကြီးများ. . .
ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီးများ. . .
ဦးဆောင်လှုပ်ရှား. . . နာယကဆရာတော်တစ်ပါး
ဆရာတော်ဘုရား ကျေးဇူးသည် ကြီးမားလှပါသည်. . .
ဆရာတော်ဘုရား ကောင်းမှုများ . . . ထိုမျှမကပါသည်. . .
ကုသိနာရုံကျောင်းတော်ဝန်းမှာ. . . တည်ထားခဲ့တဲ့
ချမ်းသာကြီးစေတီ. . .
သာသနာဖြူမောက်ထွန်းတောက်သည်. . . ဆရာတော်လို့လ
အမြဲ့ဌာန်ပါရမီ. . . ။
|ထို့ကြောင့် အရှင့်အား လေးမြတ်ရိုသေစွာ (ရှိခိုးကန်တော့ပါ၏)၃|၂. . . ။

Generated by CamScanner from intsig.com

ဒို့ . . အဂ္ဂမဟာပဏ္ဍိတ . . . အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒေါက်တာအရှင်ဉာဏိဿရအရှင် . . .
သက်တော်ရာကျော်ရှည်ပါစေ . . .
ဘုန်းမီးနေလတောက်ပါစေ . . .
ဘေးရန်ကင်းလို့ ရှင်းပါစေ . . .
အောင်စည်ဟိန်းလို့ ငြိမ်းချမ်းပါစေ . . . ။



Generated by CamScanner from intsig.com